အသုံးပြုခွင့်ပေးခြင်း၊ ငှားရမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖြန့်ချီခြင်း၊ ကူးယူခြင်း၊ ဆင့်ပွားကူးယူခြင်း၊ ထုတ်လွှင့်ခြင်း၊ လူအများ မြင်သာစေရန် ပြသခြင်း၊ လူအများ မြင်သာစေရန် ဖျော်ဖြေခြင်း၊ ထုတ်ဝေခြင်း၊ သင့်လျော်သလို ပြင်ဆင်အသုံးပြုခြင်း၊ တည်းဖြတ်ခြင်း သို့မဟုတ် ဖန်တီးခြင်းများကို သင့်အနေဖြင့် မပြုလုပ်ရန် သဘောတူပါသည်။ စည်းကမ်းချက်များမှ အတိအလင်း ခွင့်ပြုမထားသော မည်သည့် ရည်ရွယ်ချက်အတွက်မဆို အကြောင်းအရာအား အသုံးပြုခြင်းကို တင်းကျပ်စွာ တားမြစ်ထားပါသည်။

**၃။ ပရိုမိုးရှင်းကာလ**

ပရိုမိုးရှင်းကာလမှာ နောက်ထပ် ထပ်မံမကြေညာမီအချိန်အထိ

**၄။ ပါဝင်နိုင်သူများ**

၄.၁ ပရိုမိုးရှင်းသည် MPT GSM/WCDMA Prepaid/Postpaid ဆွေသဟာ လက်ရှိ အသုံးပြုနေသူများ( အသက် ၁၃ နှစ် နှင့်အထက် အသုံးပြုသူများ ) အတွက် သီးသန့်ရည်ရွယ်ပါသည်။ အကယ်၍ သင်သည် အသက်ဆယ့်ရှစ် (၁၈)နှစ်အောက်ဖြစ်ပြီးနှင့် အုပ်ထိန်းမှုအောက်မှ ကင်းလွတ်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်သူ ဥပဒေအရ မိဘ အုပ်ထိန်းမှု သို့မဟုတ် အုပ်ထိန်းသူခွင့်ပြုချက် ရရှိထားပြီး စည်းကမ်းချက်များတွင် ဖော်ပြထားသည့် စည်းကမ်းချက်များ၊ သတ်မှတ်ချက်များ၊ တာဝန်များ၊ ကတိပြုခြင်းများ၊ ကိုယ်စားပြုခြင်းများနှင့် အာမခံ ခြင်းများကို သဘောတူညီရန်နှင့် စည်းကမ်းချက်များကို လိုက်နာရန် စွမ်းဆောင်ရည်နှင့် အရည်အချင်း အပြည့်အဝရှိမှသာ ပရိုမိုးရှင်းတွင် ပါဝင်နိုင်ပါသည်။

၄.၂ CDMA, Base Tariff, Postpaid နှင့် လက်ရှိသုံးပြုခြင်းမရှိသူများ ပါဝင်နိုင်မည်မဟုတ်ပါ။

**၅။ ကြင်ကြင်နာနာပက်ကေ့ချ်**

၅.၁ ပရိုမိုးရှင်းတွင်ပါဝင်လိုသူများသည် MPT4U Application မှ တဆင့် ကြင်ကြင်နာနာပက်ကေချ် ( Kyin Kyin Nar Nar 4998 Pack, Kyin Kyin Nar Nar 8998 Pack နှင့် Kyin Kyin Nar Nar 14998 Pack) အား ဝယ်ယူနိုင်ပါသည်။

၅.၂ ပက်ကေ့ချ်တွင် အင်တာနက်အသုံးပြုမှုအားလုံးအတွက် ဒေတာ၊ MPT-MPT voice minute/SMS နှင့်အတူ MPT Club Point များပါဝင်ပါသည်။

၅.၃ ပက်ကေ့ချ်တစ်ခုစီ၏ သက်တမ်းပမာဏမှာ ရက် (၃၀) ဖြစ်ပ်သည်။

၅.၄ တူညီသော ပက်ကေ့ချ် အမျိုးအစားများကို အကြိမ်အရေအတွက် အကန့်အသတ်မရှိ ဝယ်ယူနိုင်မည် ဖြစ်ပြီး ဒေတာပမာဏများပေါင်းစည်းသွားမည့်အပြင်ပက်ကေ့ချ်သက်တမ်းကိုအသုံးပြုနိုင်မည်ဖြစ်ပါသည်။မတူညီသောနောက်ဆုံးပက်ကေ့ချ်၏သက်တမ်းအထိပက်ကေ့ချ်အမျိုးအစားများကို အကြိမ်အရေအတွက်များစွာ ဝယ်ယူနိုင်မည်မဟုတ်ပါ။

၅.၅ ကြင်ကြင်နာနာပက်ကေ့ချ်အား ဝယ်ယူ အသုံးပြုသူ (ပိုင်ရှင်)သည် ဝယ်ယူသော ပက်ကေ့ချ် အမျိုးအစား အလိုက် အဖွဲ့ဝင်များ အား ထည့်သွင်းနိုင်ပါသည်။

က။ ပက်ကေ့ချ်တွင်ပါဝင်သော MPT-MPT voice minute/SMS နှင့် MPT Club Point များကို

လွှဲပြောင်းနိုင်ခြင်းမရှိဘဲ ပက်ကေ့ချ်အားပိုင်ဆိုင်သူသာလျှင် သုံးစွဲနိုင်မည်ဖြစ်သည်။

ခ။ အဖွဲ့ဝင်အဖြစ် ထည့်သွင်းပြီးပါက အဖွဲ့ဝင် (၁)ဦးလျှင် ဒေတာပမာဏ 500MB လွှဲပြောင်းလက်ခံရရှိပါမည်။

ဂ။ ပက်ကေ့ချ်အားပိုင်ဆိုင်သူသည် အနည်းဆုံး ကြင်ကြင်နာနာဒေတာပမာဏ 500MB ရှိမှသာ အဖွဲ့ဝင်အသစ်တစ်ဦး ပေါင်းထည့်နိုင်မည်ဖြစ်ပါသည်။

ဃ။ ပက်ကေ့ချ်အားပိုင်ဆိုင်သူသည်လက်ရှိပက်ကေ့ချ် သက်တမ်းကုန်ဆုံးချိန်အထိထည့်သွင်းပြီးသော အဖွဲ့ဝင်များကို ပြောင်းလဲနိုင်မည်မဟုတ်ပါ။

င။ ပက်ကေ့ချ်အားပိုင်ဆိုင်သူသည် **တူညီသော** ကြင်ကြင်နာနာ ပက်ကေ့ချ်ကိုထပ်မံဝယ်ယူသည့် အချိန်တွင် အဖွဲ့ဝင်များကို ပြောင်းလဲနိုင်မည်ဖြစ်သည်။

၅.၆ ကြင်ကြင်နာနာပက်ကေ့ချ်အား ဝယ်ယူသူသည်ပက်ကေ့ချ်တွင် ပါဝင်သောဒေတာကိုအဖွဲ့ဝင်ထည့်သွင်းခြင်းမရှိဘဲ အသုံးပြုနိုင်သည်။

၅.၇ ပက်ကေ့ချ်ဝယ်ယူခြင်းအတွက် MPT4U တွင် ထိပေါက်ကံစမ်းခွင့် (၁) ကြိမ်ရရှိမည်ဖြစ်သည်။

၅.၈ ကြင်ကြင်နာနာပက်ကေ့ချ်အားပိုင်ဆိုင်သော သုံးစွဲသူသည် ကြင်ကြင်နာနာပက်ကေ့ချ်ဒေတာနှင့် Data Carry Plus ပက်ကေ့ချ်ဒေတာများကို သတ်မှတ်ပမာဏများအတိုင်း အဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးပို့နိုင်ပါသည်။

## ၆။ ကျသင့်ငွေကောက်ခံမှု

၆.၁ ပက်ကေ့ချ်၏ တန်ဖိုးအတိုင်း ကျသင့်ငွေကို ကောက်ခံရန် MPT အားခွင့်ပြုထားပြီးဖြစ်ပါသည်။ အတည်ပြုရွေးချယ်ထားတဲ့ ပက်ကေ့ချ်ပေါ် မူတည်၍ မည်သည့် ကုန်ကျစရိတ်ကို မဆို သုံးစွဲသူတွင် တာဝန်ရှိသည်။

၆.၂ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ကြေညာခဲ့သော ၂၀၂၁-၂၀၂၂ ပြည်ထောင်စု၏ အခွန်ကောက် ဥပဒေပြင်ဆင်ချက်အရ၊ ၂၀၂၂ခုနှစ် ဇန်နဝါရီလ (၆) ရက်နေ့မှစ၍ အင်တာနက်ဒေတာအသုံးပြုမှုအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် (၁၅%) နှုန်းထားဖြင့် ကောက်ခံသွားမည်ဖြစ်ပါသည်။

၆.၃ စာတိုပေးပို့မှု နှင့် ဖုန်းခေါ်ဆိုမှုတို့အတွက် ကုန်သွယ်လုပ်ငန်းခွန်အား ပြောင်းလဲခြင်းမရှိပဲ မူလအတိုင်း (၅%)ဖြင့် ဆက်လက်ကောက်ခံသွားမည်ဖြစ်သည်။

၆.၄ ပရိမိုးရှင်းတွင် စာရင်းသွင်းခြင်းအပါအဝင် သင်၏ မိုဘိုင်းအင်တာနက်ကို မျှဝေသုံးစွဲနေသည့် ပြင်ပအဖွဲ့အစည်း၏ လုပ်ဆောင်ချက်များအတွက် သင်သည် တာဝန်ရှိပါသည်။

## ၇။ သုံးစွဲသူအဖြစ်မှ ထုတ်ပယ်ခြင်း

MPTသည် ပုံမှန်မဟုတ်သော သို့မဟုတ် မသင်္ကာစရာဖြစ်သော ဆောင်ရွက်မှုများ ပြုလုပ်နေသည့် သို့မဟုတ် ယင်းတို့နှင့်ဆက်စပ်နေသည်ဟု ၎င်းက သံသယ ရှိသော ပါဝင်နိုင်သူတစ်ဦးကို ကြိုတင်အကြောင်းကြားစရာ မလိုဘဲ သို့မဟုတ် မည်သည့် အကြောင်းပြချက်မှ ပေးစရာမလိုဘဲ ထုတ်ပယ်နိုင်သည်။

## ၈။ ဈေးကွက်ရှာဖွေခြင်းနှင့်အရောင်းမြှင့်တင်ခြင်း

MPT အနေဖြင့် ပရိမိုးရှင်းအတွက် လိုအပ်သော သို့မဟုတ် ၎င်းနှင့် ကျိုးကြောင်းဆီလျော်စွာ ဆက်စပ် သော ကိစ္စရပ်များအတွက်လည်းကောင်း MPT ၏ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ဈေးကွက်ရှာဖွေရန်၊ ကြော်ငြာရန် နှင့်/သို့မဟုတ် အရောင်းမြှင့်တင်ရန် ရည်ရွယ်ချက်များအတွက် ပါဝင်နိုင်သူများ၏ ဗီဒီယိုများ နှင့်/သို့မဟုတ် ဓာတ်ပုံများကို ကြော်ငြာရန်ရည်ရွယ်ချက်များအတွက် အပါဝင် ပါဝင်နိုင်သူများ၏ ကိုယ်ရေးအချက်အလက်များ ကောက်ခံခြင်း၊ အသုံးပြုခြင်း၊ ဖွင့်ဟထုတ်ဖော်ခြင်းနှင့် ၎င်းတို့ အကြား ဝေမျှခြင်းတို့ပြုလုပ်ခြင်းနှင့် MPT၏ တရားဝင်ခွင့်ပြုထားသော ဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာ တတိယပုဂ္ဂိုလ်များထံ ထိုကဲ့သို့သော ကိုယ်ရေး အချက်အလက်များ ဖွင့်ဟထုတ်ဖော် ခြင်းကို ပါဝင်နိုင်သူသူများ အနေဖြင့် သဘောတူညီပြီး ခွင့်ပြုပါသည်။

## ၉။ တာဝန်ခံမှုမှ ကင်းလွတ်စေခြင်း

